**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၂၃**

**၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်**

**( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)**

မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအခကြေးငွေများ သတ်မှတ်ခြင်း**

၁။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ဈ) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့်အညီ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးသွင်းရမည့် အခကြေးငွေများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| **စဉ်** | **လျှောက်ထားလိုသည့် ဝန်ဆောင်မှု အမျိုးအစား** | **အခကြေးငွေ (ကျပ်)** |
|---|---|---|
| (က) | စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းကို စစ်ဆေးခြင်း (ID-1) | ၁၂၀,၀၀၀ |
| (ခ ) | စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းအား ပြန်လည်လျှောက်ထားခွင့်ပြုပါရန် တောင်းဆိုခြင်းကို စစ်ဆေးခြင်း (ID-3) | ၆၅,၀၀၀ |
| (ဂ ) | စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်တွင် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများအား ပြင်ဆင်ပေးရန် တောင်းဆိုခြင်းကို စိစစ်ပြင်ဆင်ခြင်း (ID-4) | ၃၅,၀၀၀ |
| (ဃ) | စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းအား ခွဲခြားပေးရန် တောင်းဆိုခြင်းကို စိစစ်ခွဲခြားပေးခြင်း (ID-6) | ၁၀၀,၀၀၀ |

| | | |
|---|---|---|
| (င) | စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းအား ကန့်ကွက်လွှာ လျှောက်ထားခြင်းကို စစ်ဆေးခြင်း (ID–7) | ၁၀၀,၀၀၀ |
| (စ) | စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို မှတ်တမ်းတင်ခြင်း | ၁၀၀,၀၀၀ |
| (ဆ) | စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် မိတ္တူမှန်ထုတ်ပေးရန် တောင်းဆိုခြင်းကို စိစစ်ခွင့်ပြုခြင်း (ID–8) | ၃၅,၀၀၀ |
| (ဇ) | စက်မှုဒီဇိုင်းမှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် ပြင်ဆင်ခွင့်ပြုနိုင်သည့်အချက်အလက်များကို ပြင်ဆင်ပေးရန် တောင်းဆိုခြင်းကို စိစစ်ပြင်ဆင်ခြင်း(ID–10) | ၃၅,၀၀၀ |
| (ဈ) | စက်မှုဒီဇိုင်းမှတ်ပုံတင် သက်တမ်းတိုးပေးရန် တောင်းဆိုခြင်းကို စိစစ်မှတ်တမ်းတင်ခြင်း(ID–11) | ၂၂၀,၀၀၀ |
| (ည) | စက်မှုဒီဇိုင်းအခွင့်အရေးများ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် တောင်းဆိုခြင်းကို စိစစ်မှတ်တမ်းတင်ခြင်း(ID–12) | ၈၀,၀၀၀ |
| (ဋ) | မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ပေးရန် တောင်းဆိုခြင်းကို စိစစ်မှတ်တမ်းတင်ခြင်း (ID–13) | ၈၀,၀၀၀ |
| (ဌ) | မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား တရားမဝင်ကြောင်းကြေညာပေးရန် တောင်းဆိုခြင်းကို စစ်ဆေးခြင်း(ID–15) | ၁၅၀,၀၀၀ |
| (ဍ) | ကိုယ်စားလှယ်အမည် ပြောင်းလဲပြင်ဆင်ပေးရန် တောင်းဆိုခြင်းကို စိစစ်ပြင်ဆင်ခြင်း(ID–16) | ၂၀,၀၀၀ |
| (ဎ) | သတ်မှတ်ထားသည့် အချိန်ကာလအား တိုးမြှင့်ပေးရန် တောင်းဆိုခြင်းကို စိစစ်ခွင့်ပြုခြင်း (ID–18) | ၃၅,၀၀၀ |
| (ဏ) | အယူခံလျှောက်ထားခြင်းကို စစ်ဆေးခြင်း (ID–19) | ၃၀၀,၀၀၀ |
| (တ) | ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်တောင်းဆိုခြင်း | ၃၅,၀၀၀ |

၂။ (က) ID–1 ၊ ID–7 ၊ ID–11 ၊ ID–12 ၊ ID–13 ၊ ID–15 ၊ ID–19 နှင့် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းအား မှတ်တမ်းတင်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခြင်းတို့ကို လျှောက်ထားမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် စက်မှုဒီဇိုင်းတစ်ခုစီအတွက်သာ ဖြစ်သည်၊

(ခ) ID–3 ၊ ID–4 ၊ ID–6 ၊ ID–8 ၊ ID– 10 ၊ ID–16 နှင့် ID– 18 တို့၏ တောင်းဆိုမှုအတွက် သတ်မှတ်ထားသည့် အခကြေးငွေသည် တောင်းဆို လျှောက်ထားမှုတစ်ခုအတွက်သာ ဖြစ်သည်။

၃။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးအစားများအတွက် အခကြေးငွေများကို အခါအားလျော်စွာ စိစစ်၍ ပြင်ဆင်သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်သည်။

ပုံ

မင်းမင်း

ဥက္ကဋ္ဌ

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ

စာအမှတ်၊ မပန (အေဂျင်စီ)/၂/၂၀၂၃ ( ၀၁၀ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံပြန်တမ်းတွင်အပိုင်း(၁)တွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်

(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ဒေါက်တာမိုးမိုးသွယ်

အတွင်းရေးမှူး